MIC

Form (2)

Republic of the Union of Myanmar ★ Myanmar Investment Commission ★

Sr. No. 30544

Dated 27.12.2013

THE REPUBLIC OF THE UNION OF MYANMAR

THE MYANMAR INVESTMENT COMMISSION

PERMIT

Permit No. 652 /2013 Date 27, December 2013

The Myanmar Investment Commission issues this Permit under section 13(b) of the Republic of the Union of Myanmar Foreign Investment Law-

(a) Name of Investor/Promoter MR. ASHOK GARG

(b) Citizenship INDIAN

(c) Address 99/2 MADUKARAI VILLAGE PONDICHERRY 605105, INDIA.

(d) Name and Address of principal organization FINE WOOD PRODUCTS PVT., LTD. 99/2 & 99/3 MADUKARAI VILLAGE PONDICHERRY 605105, INDIA

(e) Place of incorporation INDIA

(f) Type of business in which investment is to be made MANUFACTURING AND MARKETING OF VENEER, PLYWOOD AND SAWN TIMBER

(g) Place(s) at which investment is permitted PLOT NO.101 TO 105 AND PART OF 106, INDUSTRIAL ZONE (2), DAGON SEIK KAN TOWNSHIP, YANGON REGION.

(h) Amount of foreign capital US$ 5.0 MILLION

(i) Period for bringing in foreign capital WITHIN (3) YEARS

(j) Total amount of capital (Kyat) EQUIVALENT IN KYAT OF US$ 5.0 MILLION

(k) Construction period 12 MONTHS

(l) Permitted duration of investment 15 YEARS

(m) Form of investment WHOLLY FOREIGN OWNED INVESTMENT

(n) Name of Company incorporated in Myanmar FINE PLY MYANMAR PVT., LTD.

Win Shein

Chairman

The Myanmar Investment Commission

3/20/12

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ် ၆၅၂/၂၀၁၃ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ [illegible] ရက်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ (၁၃)ပုဒ်မခွဲ(ခ) အရ ဤခွင့်ပြုမိန့်ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်က ထုတ်ပေးလိုက်သည် -

(က) ကမကထပြုသူ/ရင်းနှီးမြှုပ်နှံသူ၏အမည် MR. ASHOK GARG

(ခ) နိုင်ငံသား INDIAN

(ဂ) နေရပ်လိပ်စာ 99/2 MADUKARAI VILLAGE PONDICHERRY 605105, INDIA

(ဃ) ပင်မအဖွဲ့အစည်းအမည်နှင့်လိပ်စာ FINE WOOD PRODUCTS PVT., LTD. 99/2 & 99/3 MADUKARAI VILLAGE PONDICHERRY 605105, INDIA

(င) ဖွဲ့စည်းရာအရပ် အိန္ဒိယနိုင်ငံ

(စ) ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းအမျိုးအစား သစ်အချောထည်ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်း လုပ်ငန်း(သစ်ပါးလွှာ၊ သစ်ခွဲသား နှင့် အထပ်သား)

(ဆ) ရင်းနှီးမြှုပ်နှံသည့်အရပ်ဒေသ(များ) မြေကွက်အမှတ်(၁၀၁ မှ ၁၀၅)နှင့် (၁၀၆) တစ်စိတ်တစ်ပိုင်း၊ စက်မှုဇုန်(၂)၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(ဇ) နိုင်ငံခြားမတည်ငွေရင်း ပမာဏ အမေရိကန်ဒေါ်လာ၅.၀၀သန်း

(ဈ) နိုင်ငံခြားမတည်ငွေရင်းယူဆောင်လာရမည့်ကာလ ကော်မရှင်ခွင့်ပြုမိန့်ရရှိပြီး (၃)နှစ် အတွင်း

(ည) စုစုပေါင်း မတည်ငွေရင်းပမာဏ(ကျပ်) အမေရိကန်ဒေါ်လာ၅.၀သန်းနှင့် ညီမျှသောမြန်မာကျပ်ငွေ

(ဋ) တည်ဆောက်မှုကာလ ၁၂လ

(ဌ) ရင်းနှီးမြှုပ်နှံခွင့်ပြုသည့် သက်တမ်း ၁၅နှစ်

(ဍ) ရင်းနှီးမြှုပ်နှံမှုပုံစံ ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု

(ဎ) မြန်မာနိုင်ငံတွင် ဖွဲ့စည်းမည့် စီးပွားရေး အဖွဲ့အစည်းအမည် FINE PLY MYANMAR PVT., LTD.

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

THE REPUBLIC OF THE UNION OF MYANMAR

MYANMAR INVESTMENT COMMISSION

Building No.(32), Nay Pyi Taw

Our ref: DICA-1/FI-821/ 2013(30544)
Tel: 067- 406334, 406075
Date : 27December 2013
Fax: 95-67-406333

Subject : **Decision of the Myanmar Investment Commission on the Proposal for "Manufacturing and Marketing of Veneer, Plywood, Sawn Timber" under the name of Fine Ply Myanmar Private Limited.**

Reference: Fine Ply Myanmar Private Limited Letter dated (6.5.2013)

1. The Myanmar Investment Commission, at its meeting (31/2013) held on (4-12-2013) had approved that the proposal for investment in "Manufacturing and Marketing of Veneer, Plywood, Sawn Timber" under the name of "Fine Ply Myanmar Private Limited" submitted by "Fine Wood Products PVT., Ltd." of India as a wholly foreign owned investment.

2. Hence, the "Permit" is herewith issued in accordance with Chapter VII, section 13(b) of the Republic of the Union of Myanmar Foreign Investment Law and Chapter VIII, Rule 49 of the Foreign Investment Rules relating to the said Law. Terms and conditions to the "Permit" are stated in the following paragraphs.

3. The permitted duration of the project shall be 15 (fifteen) years and extendable for 15 (fifteen) years 1 (one) time commencing from the date of signing of the land and building Lease Agreement between U Than Htun, U Than Sein and Fine Ply Myanmar Private Limited. At the end of the Lease period, Fine Ply Myanmar Private Limited shall remove all related materials on the plot of land except the building and unrecoverable things and shall be handed over to the lessor in good condition.

4. The annual rent for the land shall be US$ 168,012 (United States Dollar one hundred and sixty-eight thousand and twelve only) calculated at the rate of US$ 5.00 per square meter per year of the land measuring 33,588.9 square meter (8.30acres).

5. In issuing this "Permit," the Commission has granted, the followings, exemptions and reliefs as per section 27(a)(h)(i) and (k) of the Republic of the Union of Myanmar Foreign Investment Law. Other exemptions and reliefs under section 27 shall have to be applied upon the actual performance of the project;

(a) As per section 27(a), income tax exemption for a period of five consecutive years including the year of commencement on commercial operation;

(b) As per section 27(h), exemption or relief from customs duty or other internal taxes or both on machinery, equipments, instruments, machinery components, spare parts and materials used in the business, which are imported as they are actually required for use during the period of construction of business;

(c) As per section 27(i), exemption or relief from customs duty or other internal taxes or both on raw materials imported for production for the first three-year after the completion of construction of business;

(d) As per section 27(k), exemption or relief from commercial tax on the goods produced for export.

6. Fine Ply Myanmar Private Limited shall have to sign the Land and Building Lease Agreement with U Than Htun and U Than Sein. After signing such Agreement, (5) copies shall have to be forwarded to the Commission.

7. Fine Ply Myanmar Private Limited in consultation with the Department of Company Registration, Directorate of Investment and Company Administration shall have to be registered. After registration,(5) copies each of Certificate of Incorporation and Memorandum and Articles of Association shall have to be forwarded to the Commission.

8. Fine Ply Myanmar Private Limited shall use its best efforts for timely realization of works stated in the Proposal. If none of such works has been commenced within one year from the date of issue of this "Permit" it shall become null and void.

9. Fine Ply Myanmar Private Limited has to abide by Chapter X, Rule 58 and 59 of the Foreign Investment Rules for construction period.

10. As per Chapter X, Rule 61 of the Foreign Investment Rules extension of construction period shall not be granted more than one except it is due to unavoidable events such as natural disasters, instability, riots, strikes, emergency of State condition, insurgency and outbreak of wars.

11. As per Chapter X, Rule 63 of the Foreign Investment Rules, if the Fine Ply Myanmar Private Limited. cannot construct completely in time during the construction period or extension period, the Commission will have to terminate the permit issued to the investor and there is no refund for the expenses of the project.

12. The commercial date of operation shall be reported to the Commission..

13. Fine Ply Myanmar Private Limited shall endeavour to meet the targets for production and export stated in the proposal as the minimum target.

14. The Commission approves periodical appointments of foreign experts and technicians from abroad as per proposal in accordance with Chapter XI, section 24 and section 25 of the Republic of the Union of Myanmar Foreign Investment Law and Fine Ply Myanmar Private Limited has to follow the

exisiting Labour Laws for the recruitment of staff and labour in accordance with Chapter XIII, Rule 84 of the Foreign Investment Rules.

15. In order to evaluate foreign capital and for the purpose of its registration in accordance with the provisions under Chapter XV, section 37 of the Republic of the Union of Myanmar Foreign Investment Law, it is compulsory to report as early as possible in the following manner:-

(a) the amount of foreign currency brought into Myanmar, attached with the necessary documents issued by the respective bank where the account is opened and defined under Chapter XVI, Rule 134 and 135 of the Foreign Investment Rules;

(b) the detailed lists of the type and value of foreign capital defined under section 2 (i) of the said Law, other than foreign currency.

16. Whenever Fine Ply Myanmar Private Limited brings in foreign capital defined under section 2 (i) of the said Law, other than foreign currency in the manner stated in paragraph 15 (b) mentioned above, the Inspection Certificate endorsed and issued by an internationally recognized Inspection Firm with regard to quantity, quality and price of imported materials shall have to be attached.

17. Fine Ply Myanmar Private Limited has the right to make account transfer and expend the foreign currency from his bank account in accordance with Chapter XVI, Rule 136 and for transfer of local currency generated from the business to the local currency account opened at the bank by a citizen or a citizen-owned business in the State and right to transfer back the equivalent amount of foreign currency from the foreign currency bank account of citizen or citizen-owned business by submitting

the sufficient document in accordance with Chapter XVII, Rule 145 of the Foreign Investment Rules.

18. Fine Ply Myanmar Private Limited shall report to the Commission for any alteration in the physical and financial plan of the project. Cost over run, over and above the investment amount pledged in both local and foreign currency shall have to be reported as early as possible.

19. Fine Ply Myanmar Private Limited shall be responsible for the preservation of the environment at and around the area of the project site. In addition to this, it shall carry out as per instructions made by Ministry of Environmental Conservation and Forestry in which to conduct Initial Environmental Examination (IEE) process and an Environmental Management Plan (EMP) which describe the measure to be taken for preventing, mitigation and monitoring significant environmental impacts resulting from the implementation and operation of proposed project or business or activity has to be prepared and submitted, and to perform activities in accordance with this EMP and to abide by the environmental policy, Environmental Conservation Law and other environmental related rules and procedures.

20. Fine Ply Myanmar Private Limited shall have to carry out the plantation and rehabilitation according to the plan submitted to the Forest Department to fulfill the raw materials requirement.

21. After getting permit from Myanmar Investment Commission, Fine Ply Myanmar Private Limited shall have to be registered at the Directorate of Industrial Supervision and Inspection.

22. Fine Ply Myanmar Private Limited shall have to abide by the Fire Services Department' s rules, regulations, directives and instructions. Moreover, fire prevention measures shall have to undertake such as water storage tank, fire extinguishers and provide training to use the fire fighting equipments.

23. Payment of principal and interest of the loan(if any) as well as payment for import of raw materials and spare parts etc. shall only be made out of the official foreign exchange earnings of Fine Ply Myanmar Private Limited.

24. Fine Ply Myanmar Private Limited in consultation with Myanma Insurance, shall effect such types of insurance defined under Chapter XII, Rules 79 and 80 of the Foreign Investment Rules.

Win Shein

(Win Shein)

Chairman

Fine Ply Myanmar Private Limited

cc:
1. Office of the Union Government of the Republic of the Union of Myanmar
2. Office of the Yangon Region Government
3. Ministry of National Planning and Economic Development
4. Ministry of Finance
5. Ministry of Commerce
6. Ministry of Construction
7. Ministry of Foreign Affairs
8. Ministry of Home Affairs
9. Ministry of Immigration and Population
10. Ministry of Labour, Employment and Social Security
11. Ministry of Electric Power
12. Ministry of Environmental Conservation and Forestry
13. Director General, Directorate of Investment and Company Administration

14. Director General, Customs Department
15. Director General, Internal Revenue Department
16. Managing Director, Myanma Foreign Trade Bank
17. Managing Director, Myanma Investment and Commercial Bank
18. Managing Director, Myanma Insurance
19. Managing Director, Myanma Electric Power Enterprise
20. Director General, Directorate of Trade
21. Director General, Immigration and National Registration Department
22. Director General, Directorate of Labour
23. Managing Director, Myanma Timber Enterprise
24. Chairman, Republic of the Union of Myanmar Federation of Chambers of Commerce and Industry(UMFCCI)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ ရက-၁/န-၈၂၁/၂၀၁၃ (၂၉၄၄၆)
ရက်စွဲ ၊ ၂၀၁၃ခုနှစ် ၊ နိုဝင်ဘာလ ၂၆ ရက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့
တင်ပြသည့်အမှာစာ

အကြောင်းအရာ။ Fine Ply Myanmar Private Limited မှ ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် သစ်အခြေခံအချောထည် ထုတ်လုပ် ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြု ပါရန် တင်ပြလာခြင်းကိစ္စ။

၁။ အိန္ဒိယနိုင်ငံအခြေစိုက် Fine Wood Products Pvt. Ltd. (India) 60% နှင့် Everest Ply & Veneers Pvt. Ltd. (India) 40% မှ မြန်မာနိုင်ငံတွင် Fine Ply Myanmar Private Limited တည်ထောင်၍ ရာခိုင်နှုန်း ပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် မြေကွက် အမှတ် ၁၀၁ မှ ၁၀၅နှင့်အမှတ်၁၀၆ တစ်စိတ်တပိုင်း၊ စက်မှုဇုန် (၂) ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး တွင် Manufacturing and Marketing of Veneer, Plywood, Sawn Timber လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် သို့ အဆိုပြုလွှာ တင်ပြလာပါသည်။

၂။ အဆိုပြုချက်နှင့်အတူ Fine Ply Myanmar Private Limited နှင့် မြေပိုင်ရှင်ဦးသန်းထွန်း၊ ဦးသန်းစိန်တို့ချုပ်ဆိုမည့် မြေငှားစာချုပ်(မူကြမ်း) မြေဂရန်တို့ နှင့်အတူတည်နေရာပြမြေပုံများကို တင်ပြထားပါသည်။

၃။ လုပ်ငန်းဆောင်ရွက်မည့် စက်ရုံနှင့်မြေဧရိယာမှာ ၉.၂၉၀ ဧက အနက် (၃၃,၅၈၈.၉ စတုရန်းမီတာ) (၈.၃၀ဧက) ဖြစ်ပြီး နှစ်စဉ် မြေငှားရမ်းငှားခမှာ US$ ၁၆၈,၀၁၂ ဖြစ်ပြီး တစ်စတုရန်းမီတာလျှင် US$ ၅ နှုန်း ဖြစ်ပါသည်။

၄။ လုပ်ငန်းစီမံကိန်း၏ သက်တမ်းကာလမှာ ကနဦး (၁၅) နှစ်နှင့် နောက်ထပ် (၁၅) နှစ် သက်တမ်းတိုးမြှင့်မည်ဖြစ်ပြီး အဆောက်အဦး တည်ဆောက်ရေး ကာလမှာ (၁၂) လ ကြာမြင့်မည် ဖြစ်ကြောင်း တင်ပြထားပါသည်။

၅။ လုပ်ငန်း၏ ကနဦးရင်းနှီးမြှုပ်နှံမှုမှာ US$ ၅.၀၀၀သန်း ဖြစ်ပြီး ချေးငွေ US$၁.၂၉သန်း ပါဝင်ပါသည်။မတည်ငွေရင်းထည့်ဝင်မှုမှာငွေသား US$ ၁.၇၉၀ သန်း၊ စက်နှင့်စက်ပစ္စည်း ကိရိယာ (ပြည်ပ) US$၂.၇၀၁သန်း၊မော်တော်ယာဥ်(ပြည်တွင်း) US$ ၀.၀၂၉သန်း၊ စက်နှင့် ရုံးသုံးပစ္စည်း ကိရိယာUS$ ၀.၀၄၀သန်း၊ နည်းပညာတန်ဖိုး US$ ၀.၄၄သန်း ထည့်ဝင် မည်ဖြစ်ပါသည်။ ချေးငွေကို မိခင်ကုမ္ပဏီ Fine Wood Products Pvt. Ltd.မှ အတိုးမဲ့ချေးငွေရယူမည် ဖြစ်ပါသည်။

၆။ လုပ်ငန်းဆောင်ရွက်ရန် ပြည်တွင်း ဝန်ထမ်းဦးရေ (၂၉၅) ဦးနှင့် ပြည်ပမှကျွမ်းကျင် ဝန်ထမ်းဦးရေ (၄၆) ဦး စုစုပေါင်း (၃၄၁) ဦး ခန့်ထားမည် ဖြစ်ကြောင်း တင်ပြထားပါသည်။ အနိမ့်ဆုံး ဝန်ထမ်းလစာမှာ ကျပ်(၈၅,၀၀၀) နှင့် အမြင့်ဆုံးလစာမှာ ကျပ် (၂၅၀,၀၀၀) ဖြစ်ပါသည်။ နိုင်ငံခြားသားတစ်ဦး၏ အနိမ့်ဆုံးလစာမှာ US$ ၁၄၁ နှင့် အမြင့်ဆုံးလစာမှာ US$ ၂,၀၀၀ ဖြစ်ပါ သည်။

၇။ လုပ်ငန်းသည် ၁၀၀ % ပြည်ပသို့ တင်ပို့ ရောင်းချမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်း၏ပုံမှန်နှစ် (ဆဌမမြောက်နှစ်) ထုတ်လုပ်မှုနှင့် တန်ဖိုးများမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

စဉ်		ပြည်ပ ပို့ (ကုဗမီတာ)	တစ်ကုဗမီတာ (US$, 000)
(၁)	Planks	၅,၆၇၀	၅၅၂
(၂)	Furniture wood	၁,၃၅၀	၁၆၅၆
(၃)	Core Veneer	၄,၉၈၆	၂၁၀
(၄)	Face Veneer	၄၀,၄၂၄	၆၁၃
(၅)	Plywood 19mm	၉,၅၀၀	၁,၀၂၁

၈။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ်(ဆဌမနှစ်)တွင် ကုမ္ပဏီမှရရှိမည့် အကျိုးအမြတ်မှာ အောက်ပါ အတိုင်း ဖြစ်ပါသည်-

(က) ဝင်ငွေ US$ ၄၀.၈၈ သန်း

(ခ) အသုံးစရိတ် US$ ၃၉.၂၅ သန်း

(ဂ) အသားတင်အမြတ် US$ ၁.၆၃ သန်း

၉။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ်တွင်ရရှိမည့် အကျိုးအမြတ် ခန့်မှန်း ခြေမှာ ဝင်ငွေခွန်အမေရိကန်ဒေါ်လာ(၀.၅၉)သန်းရရှိမည်ဖြစ်ပါသည်။ လုပ်ငန်း၏အရင်း ကြေကာလမှာ ၃ နှစ်နှင့် ၁၀ လဖြစ်ပြီး အရင်းအနှီးအပေါ်အကျိုးအမြတ် ပြန်ပေါ်နှုန်းမှာ ၂၉% ဖြစ်ပါသည်။ (၁ ဒေါ်လာလျှင် ၈၅၇ ကျပ်နှုန်းဖြင့်တွက်ချက်ထားပါသည်။)

၁၀။ အဆိုပြုချက်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း သဘောထားမှတ်ချက် ပြန်ကြားလာပါသည်-

(က) **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ** ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်နေရာသည် နောင်ပြုလုပ်မည့် (သို့မဟုတ်) လက်ရှိမြို့ပြစီမံကိန်းအား ထိခိုက်ခြင်းမရှိကြောင်း၊ အဆိုပြုလုပ်ငန်းလည်ပတ် လုပ်ကိုင်ပါက ပြည်တွင်းလုပ်သား အင်အား (၂၅၀) ဦး အလုပ်အကိုင်ရရှိမည် ဖြစ်သောကြောင့် မြို့နယ်ဒေသအလုပ်အကိုင် အခွင့်အလမ်းနှင့်ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူ ဖြစ်စေကြောင်း၊ အဆိုပြု လုပ်ငန်းလုပ်ကိုင်ရန်အတွက် မြေနှင့်အဆောက်အဦပိုင်ရှင် ဦးကြည်+၄ထံမှ Mr. Ashok Garg ငှားရမ်းခတစ်နှစ်လျှင် US $ 6.64 Per Sq meter နှုန်းဖြင့် (၅)နှစ်စာချုပ် ချုပ်ဆို ငှားရမ်း၍ စက်ရုံအတွက် သုံးစွဲခြင်းအပေါ် ဒေသခံပြည်သူများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်းရှိပါကြောင်း နိုင်ငံခြားရင်းနှီး

မြှုပ်နှံမှု လုပ်ငန်းသစ်ဆောင်ရွက်မှုအား ခွင့်ပြုသင့်ကြောင်း သဘောထားပြန်ကြားထားပါသည်။ နောက်ဆက်တွဲ-က

(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ သစ်အခြေခံအမျိုးမျိုး ထုတ်လုပ်သည့် လုပ်ငန်းဖြစ်သည့်အတွက် ကုန်ပစ္စည်းများထုတ်လုပ်ခြင်း လုပ်ငန်းကြောင့်ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်နှင့် လူမှုရေး ထိခိုက်ပျက်စီးမှုများ လျော့နည်းစေရန်အတွက် လုပ်ငန်းစီမံကိန်းများ ရေးဆွဲချမှတ်ခြင်း၊ လုပ်ငန်းလည် ပတ်ခြင်းနှင့် ထုတ်လုပ်ခြင်းအဆင့်ဆင့်-တို့အတွက် စီမံကိန်းဆိုင်ရာ အချက်အလက် များပြည့်စုံစွာ ဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံး ဖြစ်စေမည့် နည်းလမ်းအစီအစဉ်များ ထည့်သွင်းဆောင်ရွက်ရန်၊ သစ်အခြေခံ ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်စွဲပါ အမိန့်အကြောငြာစာ အမှတ် (၁/၂၀၁၃) ပတ်ဝန်းကျင် ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု အနည်းဆုံး ဖြစ်စေရေးတို့ အတွက် ပတ်ဝန်းကျင် ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ခြင်း (Environmental Impact Assessment-EIA) ဆောင်ရွက်ပြီး အစီရင်ခံတင်ပြရန်၊ အထက်ပါလေ့လာ ဆန်းစစ်မှု ရလဒ်များကို အခြေခံ၍ လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ကို ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် ကုန်ထုတ်လုပ်မှုနည်းပညာများ လုပ်ငန်းအစီအစဉ် ပတ်ဝန်းကျင် ထိခိုက်မှု လျော့ပါးရေး ဆောင်ရွက်မည့် လုပ်ငန်းများ အတွက် သုံးစွဲမည့် ရန်ပုံငွေစသည်တို့ပါဝင်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံချက် (Environmental Management Plan-EMP) ရေးဆွဲတင်ပြရန်နှင့် အစီရင်ခံစာအရ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေတို့ နှင့် အခြားပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ လိုက်နာ ကျင့်သုံး အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ သစ်အချောထည် လုပ်ငန်းအတွက် ကုန်ကြမ်းများအပြည့်အဝ ဖြည့်ဆည်းနိုင်ရန် နှစ် (၃၀) ကာလ အတွင်း ကျွန်းစိုက်ခင်း (၃၀၀) ဧကခန့်နှင့် သစ်မာစိုက်ခင်း (၆၀၀၀၀) ဧကခန့် တည်ထောင်ရန် လိုမည်ဖြစ်ပါသည်၊ နှစ်စဉ်ကျွန်းစိုက်ခင်း (၁၀၀) ဧကနှင့် သစ်မာ စိုက်ခင်း (၂၀၀၀) ဧကခန့် အနည်းဆုံး တည်ထောင် ဆောင်ရွက်ရန်လိုကြောင်း သဘောထားမှတ်ချက် ပြန်ကြားထားပါသည်။

ကုမ္ပဏီမှ တင်ပြလာသော IEE နှင့် EMP အစီရင်ခံစာအား ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသို့ ပေးပို့ခဲ့ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လုပ်ငန်းခွင်ကျန်းမာရေးကို ထိရောက်စွာ စောင့်ကြပ်ကြည့်ရှု စစ်ဆေးနိုင်ရန်အတွက် Project Components တွင် Environment, Social and Health Section ကိုထည့်သွင်းဖွဲ့စည်းရန်၊ အကြိုတည်ဆောက်မှုလုပ်ငန်း ဆောင်ရွက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်းနှင့် လုပ်ငန်းရပ်စဲပြီးကာလ စသည်တို့တွင် စီမံကိန်းအဆင့်အလိုက်စီမံခန့်ခွဲမှုနှင့် စောင့်ကြပ်ကြည့်ရှုသည့် အစီအစဉ်များဖော်ပြရန်၊ စီမံကိန်း

တည်နေရာ၏ ပတ်ဝန်းကျင်ဆိုင်ရာအခြေခံ အချက်အလက်များ(ဥပမာ-လေ၊မြေနှင့် ရေအရည်အသွေး၊ အသံဆူညံမှုအခြေအနေ)၊ ပတ်ဝန်းကျင်ရှိဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေးနှင့် ပညာရေးအခြေအနေများကို ဖော်ပြရန်၊ အဆိုပြုလုပ်ငန်းကြောင့် ပတ်ဝန်းကျင်အပေါ် ထိခိုက်နိုင်မှုများနှင့် ပတ်သက်၍ ကဏ္ဍတစ်ခုချင်းအလိုက် ထိခိုက်မှုလျော့နည်းစေသည့်လုပ်ငန်းများ ဆောင်ရွက်မည့် အချိန်ဇယားကို အသေးစိတ်ထည့်သွင်းရေးဆွဲ ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံခန့်ခွဲမှု စီမံချက် (Environmental Management Plan-EMP)တွင် ကျခံသုံးစွဲမည့် ရန်ပုံငွေကို ထည့်သွင်းရေးဆွဲရန်၊ မြန်မာနိုင်ငံ ISO:9001 နှင့် ISO:14001 အသိအမှတ်ပြုလက်မှတ်များ ရရှိပါက ပြန်လည်တင်ပြရန်သဘောထားမှတ်ချက် ပြန်ကြားထားပါသည်။ ကုမ္ပဏီမှလိုက်နာဆောင် ရွက်မည်ဖြစ်ကြောင်း ကတိဝန်ခံချက် လက်မှတ်ရေးထိုး တင်ပြထားပါသည်။ ကုမ္ပဏီမှ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသို့ လျှောက်ထားသည့် ပဲခူးတိုင်းဒေသကြီး၊မင်းလှမြို့နယ်တွင် ကျွန်းသစ်မာနှင့် ယူကလစ် စိုက်ခင်း တည်ထောင်မည့်လုပ်ငန်းစီမံချက်ကိုတင်ပြထားပါသည်။ နောက်ဆက်တွဲ-ခ

(ဂ) စက်မှုဝန်ကြီးဌာနမှ သစ်အခြေခံပစ္စည်းအမျိုးမျိုး ထုတ်လုပ်သည့်လုပ်ငန်း ဖြစ်သည့်အတွက် သစ်တောဦးစီးဌာန၏ ခွင့်ပြုမိန့်နှင့်အညီ ဆောင်ရွက်ရန် လိုပါကြောင်း၊ တည်ဆဲ ဥပဒေများနှင့် ညီပါကကန့်ကွက်ရန်မရှိကြောင်း သဘောထားပြန်ကြားထားပါသည်။ နောက်ဆက်တွဲ-ဂ

၁၁။ ငွေရေးကြေးရေးအထောက်အထားအဖြစ် အိန္ဒိယနိုင်ငံရှိ HDFC Bank Ltd. တွင် Everest ကုမ္ပဏီသည် (၃၀-၄-၂၀၁၃)ရက်နေ့တွင် ရူပီး ၃၁၂၀,၅၇၅.၉၅ နှင့်ညီမျှသော US$ ၅၀၀၀၆ ရှိကြောင်း နှင့် Fine Wood ကုမ္ပဏီ၏ AXIS Bank တွင် (၁၉-၄-၂၀၁၃)နေ့တွင် (ရူပီး ၇၃၅,၇၂၆.၂၂ ညီမျှသော US$ ၁၁၇၈၉ ခန့်)ရှိကြောင်း တင်ပြထားပါသည်။

၁၂။ Fine Ply Myanmar Private Limited မှ ဝန်ထမ်းများ၏ လုပ်ခလစာ ဝင်ငွေခွန် ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုစာ၊ မီးဘေးကြိုတင် ကာကွယ်ရေးအတွက် စီမံချက်တို့ကို တင်ပြထားပါသည်။ ပတ်ဝန်းကျင်ညစ်ညမ်းမှု မရှိစေရန် ဆောင်ရွက်ထားမှု အခြေအနေနှင့်စက်ရုံ ဝန်ထမ်းများ သက်သာချောင်ချိရေးနှင့် လုပ်ငန်းခွင် သာယာရေးအတွက် စီစဉ်ဆောင်ရွက်ထားမှုတို့ကို တင်ပြထားပါသည်။

၁၃။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကိုခံစားခွင့်ပြုပါရန်တင်ပြထားပါသည်။

၁၄။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၁၃ အရ စီးပွားရေး လုပ်ငန်းအမျိုးအစားများ သတ်မှတ်ခြင်းတွင် သစ်အခြေခံစက်မှုလုပ်ငန်း (သစ်ခွဲစိတ်ခြင်း၊ သစ်အခြေခံအချောထည် ထုတ်ကုန်များ ထုတ်လုပ်ခြင်း) နှင့် သစ်နှင့် သစ်အခြေခံအချောထည် ထုတ်ကုန်များ

ပြည်တွင်း/ ပြည်ပ ကူးသန်းရောင်းဝယ်ဖောက်ကားခြင်းလုပ်ငန်းတို့အား ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူဆောင်ရွက်ရမည့် လုပ်ငန်းအမျိုးအစားတွင် ပါဝင်ပါသည်။

၁၅။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ပုဂ္ဂလိကမြေတွင် ငှားရမ်းဆောင်ရွက်ခွင့်ပြုရန် ကိစ္စကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၃ ခုနှစ်၊အောက်တိုဘာလ ၄ ရက်၊ အစည်းအဝေးအမှတ်စဉ် (၂၈ / ၂၀၁၃) မှ သဘောတူထားပါသည်။

၁၆။ သို့ဖြစ်ပါ၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေဖြင့် အိန္ဒိယနိုင်ငံအခြေစိုက် Fine Wood Products Pvt Pte. Ltd. ၆၀% နှင့် Everest Ply & Veneers Pvt. Ltd. ၄၀% တို့မှ မြန်မာနိုင်ငံတွင် Fine Ply Myanmar Private Limited တည်ထောင်၍ ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် မြေကွက်အမှတ် ၁၀၁ မှ ၁၀၅နှင့်အမှတ်၁၀၆ တစ်စိတ်တပိုင်း၊ စက်မှုဇုန်(၂)၊ ဒဂုံဆိပ်ကမ်း မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် Manufacturing and Marketing of Veneer, Plywood, Sawn Timber လုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုတင်ပြလာခြင်းအပေါ် လမ်းညွှန်မှုခံယူအပ်ပါသည်။

ဥက္ကဋ္ဌ(ကိုယ်စား)

(မြသူဇာ၊အဖွဲ့ဝင်)

ကုမ္ပဏီဒါရိုက်တာနှင့် အစုရှင်များ၏ နေရပ်လိပ်စာစာရင်း

စဉ်	ကုမ္ပဏီအမည်	ဒါရိုက်တာ/ အစုရှင်များ၏ အမည်	ဒါရိုက်တာ/ အစုရှင်များ၏ ဆက်သွယ်ရန် လိပ်စာ
၁။	Fine Ply Myanmar Private Limited	**(1)Fine Wood Product PVT Ltd. (India) 60%** (၁)Mr.Ashok Garg Director Indian P.P No.Z1764048	R5 99/2, madukarai Village, Kongampattu Road, Nettapakkam commnue, Pondicherry-605105
		(2)Everest Ply& Veneer Pvt Ltd. (India)40% (၁) Mr.Aman Garg Director Indian P.P No.Z1725790	504,Roshan Towers, Balaji Nagar, CBM Compound,Visakhapatnam, Andhra Pradesh 530013.
		(၂) Mr. Sahadev Singh Meheriwal Director Indian P.P No.Z2375344	2-63Purushottampuram, Chinnamusaliwada, Visakhapatnam, Andhra Pradesh-530073No.E-757 Dabua Colony Air Force RD Opp Bds Computes Nit Faridabad Hry-121001

၁။	ဆက်သွယ်ရမည့် တယ်လီဖုန်းနံပါတ်၊ ဖက်စ်နံပါတ်	-	၀၁-၅၄၀၆၁၃, ၀၁-၅၄၀၃၁၇
၂။	ဆက်သွယ်ရမည့် လိပ်စာအပြည့်အစုံ	-	
၃။	ဆက်သွယ်ရမည့် ပုဂ္ဂိုလ်အမည်၊ ရာထူး	-	ဦးအောင်သိန်း
၄။	ကုမ္ပဏီအနေဖြင့်ဆောင်ရွက်သည့်လုပ်ငန်းများ	-	သစ်အချောထည် ထုတ်လုပ်ခြင်း လုပ်ငန်း
၅။	ကုမ္ပဏီမှတ်ပုံတင်အမှတ်/ နေ့စွဲ	-	-
၆။	ကုမ္ပဏီမှတ်ပုံတင်ကုန်ဆုံးသည့်နေ့စွဲ	-	-
၇။	ဘဏ်အမည်နှင့် ဘဏ်စာရင်းအမှတ်	-	-